ကျောင်းသားခေါင်းဆောင်ကိုဌေးကြွယ် ကွယ်လွန်သူမိခင်စျာပန ပို့ခွင့်မရသော်လည်း ကန်တော့ခွင့်ရ
၃ ဒီဇင်ဘာ ၂၀၀၇

ဖမ်းဆီးထိန်းသိမ်းခံနေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုဌေးကြွယ်ရဲ့ ကွယ်လွန်သူမိခင်စျာပန ဒီကနေ့ ကျင်းပခဲ့ပါတယ်။ မိခင်ရဲ့နောက်ဆုံးစျာပနကို လိုက်ပါပို့ဆောင်ခွင့်မရပေမယ့် စောစောပိုင်းကတော့ အာဏာပိုင်တွေက ကွယ်လွန်သူမိခင်ကို ကန်တော့ဖို့ ကိုဌေးကြွယ်ကို ခွင့်ပြုခဲ့တယ်လို့ သိရပါတယ်။ အကြောင်းစုံကို ကိုအောင်လွင်ဦးက တင်ပြထားပါတယ်။

ဒီကနေ့ မိခင်ရဲ့စျာပနကို လိုက်ပါပို့ဆောင်ခွင့်ရဖို့ မိသားစုဝင်တွေက အာဏာပိုင်တွေဆီမှာ ခွင့်ပြုချက်တောင်းခံခဲ့တာ မရခဲ့ပေမယ့် သောကြာနေ့တုန်းကတော့ မိခင်အလောင်းကိုကန်တော့ဖို့ အာဏာပိုင်တွေက ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုဌေးကြွယ်ကို ထိန်းသိမ်းခံနေရရာက ခေတ္တထွက်ခွင့်ပေးခဲ့တာပါ။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဒီကနေ့ စျာပနကို လိုက်ပါပို့ဆောင်သူတွေထဲက တဦးဖြစ်တဲ့ လူ့အခွင့်အရေးလှုပ်ရှားသူများကွန်ယက် **(HRDP)** အဖွဲ့က ဦးမြင့်အေးက ပြောပြရာမှာတော့ ...

> "ကိုဌေးကြွယ်ကိုထုတ်လာပြီးတော့ ရေဝေးမှာ သူ့အမေကို ကန်တော့ခိုင်းတယ်၊ ပြတယ်။ အဲဒီပြတဲ့ပုံ ကန်တော့နေတဲ့ပုံတွေကို ဓာတ်ပုံရိုက်တယ်။ ဓာတ်ပုံရိုက်ပြီးတော့ သူ့မိသားစုကို သွားပြပါတယ်"

ထိန်းသိမ်းခံနေရတဲ့ ကိုဌေးကြွယ်ရဲ့မိခင် ဒေါ်မိမိလေးဟာ မကြာသေးခင်က ဆေးကုသခံယူနေရာက ကျန်းမာရေးအခြေအနေ ယိုယွင်းလာတာကြောင့် နေအိမ်ကိုပြန်ခေါ်လာခဲ့ပြီး ကြာသပတေးနေ့ညပိုင်းမှာပဲ ရန်ကုန်မြို့ နေအိမ်မှာ ကွယ်လွန်ခဲ့တာပါ။ မိခင်ဖြစ်သူ မဆုံးပါးခင်ကတည်းက ကိုဌေးကြွယ်နဲ့တွေ့ဆုံခွင့်ရဖို့ မိသားစုက ပြည်ထဲရေးဌာနကို မေတ္တာရပ်ခံခဲ့ပေမယ့်လည်း ခွင့်မပြုခဲ့ဘူးလို့ မိသားစုနဲ့ နီးစပ်သူတွေက ပြောပါတယ်။ ကိုဌေးကြွယ်ရဲ့မိခင် ဒေါ်မိမိလေးစျာပန ဒီကနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ပြင်မှာရှိတဲ့ ရေဝေးသုသာန်မှာ ကျင်းပသဂြိုဟ်ခဲ့တာပါ။ ဒီစျာပနကို ရင်းနှီးသူမိတ်ဆွေတွေ၊ နိုင်ငံရေးအသိုင်းအဝိုင်းကလူတွေ လိုက်ပါပို့ဆောင်ခဲ့ကြတယ်လို့လည်း ဦးမြင့်အေးက ပြောပါတယ်။

> "သူ့မိတ်ဆွေတွေလည်းများပါတယ်၊ လုပ်ဖော်ကိုင်ဘက်တွေလည်း လာပါတယ်၊ သူတို့ ကျောင်းသားအုပ်စုတွေကလည်း လာပါတယ်၊ ကားတွေကတော့ ၄ နေရာကထွက်တယ်။ စမ်းချောင်းက ၂ နေရာပေ့ါ၊ ဂန္ဓမာလမ်းရယ်၊ ညောင်တုန်းလမ်းရယ်၊ ပြီးတော့ တက္ကသိုလ်ရိပ်သာလမ်းထောင့်ရယ်၊ အင်းယားလမ်းသွယ်ထဲကရယ်၊ ၄ နေရာကနေ ကားတွေကြိုပေးပါတယ်။ နောက် အဲန်အယ်လ်ဒီရုံးကလည်း လာပါတယ်။ ကျနော်တွေ့တာတော့ အဲန်အယ်ဒီဗဟိုကလည်း လာကြပါတယ်၊ ပန်းခွေလည်း ပို့ပါတယ်။ ထင်ထင်ရှားရှားဆိုလို့ အန်ကယ်ဦးအုန်းမြင့်တော့ရှိပါတယ်။ အမျိုးသားရေးဦးဝင်းနိုင်လည်း ကျနော် တွေ့ပါတယ်"

ဒီကနေ့ ရေဝေးသုသာန်မှာကျင်းပတဲ့ စျာပနအခမ်းအနားမှာ ထင်ထင်ပေါ်ပေါ်မဟုတ်ပေမယ့် အာဏာပိုင်တွေဘက်က စောင့်ကြည့်တာမျိုးတော့ ရှိခဲ့တယ်လို့လည်း ဦးမြင့်အေးက ဆိုပါတယ်။ ကိုဌေးကြွယ်ရဲ့မိခင်ဖြစ်သူ ဒေါ်မိမိလေး ကွယ်လွန်ချိန်မှာ အသက် ၆၈ နှစ်အရွယ်ရှိပြီး ကိုဌေးကြွယ်အပါအဝင် သားသမီး ၃ ယောက်နဲ့ မြေး ၃ ယောက် ကျန်ရစ်ခဲ့ပါတယ်။